# လူကိုခွေးဆွဲပြန်ပြီ



လူမှုကယ်ဆယ်ရေး စေတနာရှင်၊ အနုပညာရှင် ဇာဂနာကို စစ်အစိုးရက ဖမ်းဆီး

မိုးမခ
ဇွန် ၄၊ ၂၀၀၈

ရန်ကုန် စံတော်ချိန် ည ၁၁ နာရီက အနုပညာရှင် ဇာဂနာ၏ နေအိမ်ကို အထူးစုံစမ်းရေး၊ မြို့နယ်ရပ်ကွက် အာဏာပိုင်များအပါအဝင် ပုဂ္ဂိုလ် ၉ ဦးဝင်ရောက်ပြီး ၄င်းအား စစ်ဆေးမေးမြန်းရန်အတွက် ခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

ဇာဂနာ သည် နိုင်ငံရေး အကျဉ်းသားဟောင်း၊ စစ်အစိုးရက အနုပညာလှုပ်ရှားခွင့်များ ပိတ်ပင်ထားသော အနုပညာရှင်၊ ၂၀၀၇ သံဃာအရေးအခင်းတွင် အဖိနှိပ်ခံ သံဃာတော်များ၊ လူငယ်များဖက် ရပ်တည်သူ၊ ၂၀၀၈ မေ နာဂစ်မုန်တိုင်း ကယ်ဆယ်ရေးလုပ်ငန်းများကို စေတနာဝန်ထမ်း ဦးဆောင်သူ ထင်ရှားသည့် အနုပညာရှင်တဦး ဖြစ်သည်။

စစ်အာဏာပိုင်များက နာဂစ်မုန်တိုင်းကယ်ဆယ်ရေး စေတနာဝန်ထမ်း လုပ်ကိုင်နေသူများကို ၄င်းတို့ စာနယ်ဇင်းများကနေပြီး တိုင်းပြည် အရှက်နှင့် သိက္ခာကို ထိန်းသိမ်းကြရန်၊ ဒုက္ခသည်များကို တောင်းရမ်းစားသောက်သူများအဖြစ် နိုင်ငံတကာအလည်မှာ မတင်ပြရန်၊ နိုင်ငံတော်က မုန်တိုင်းကယ်ဆယ်ရေးကို ကောင်းမွန်ကျမ်းကျင်စွာ ကိုင်တွယ်နိုင်ကြောင်း စသည်တို့ဖြင့် ဂါဒ ဖြန့်နေခဲ့သည်။

ဇာဂနာတို့၏ စေတနာဝန်ထမ်း ကယ်ဆယ်စောင့်ရှောက်ရေး လုပ်ငန်းများကို စစ်အုပ်စုက နောက်ကွယ်မှနေပြီး နည်းမျိုးစုံဖြင့် အနှောက်အယှက်ပေးနေကြောင်း၊ မိတ်ဆွေ အနုပညာရှင်များဖြစ်သည့် အရိုင်း၊ ၄က်ပြောကြော်တို့ကို ကူညီစောင့်ရှောက်လုပ်ငန်းများနှင့် ပတ်သက်ပြီး ခေါ်ယူစစ်ဆေးကြောင်း၊ အကူအညီအရောက်နည်းသည့် ဒေသများကို သွားရောက်နိုင်ရေးအတွက် ကုလအဖွဲ့တခုကို ဇာဂနာက အကူအညီတောင်းခဲ့ရာတွင်လည်း ၄င်းအဖွဲ့က စစ်အုပ်စု ငြိုငြင်မည်ကို စိုးရိမ်ပြီး မိမိတို့ကို ငြင်းဆိုခဲ့ကြောင်း၊ နိုင်ငံတကာ၏ တရားဝင် အကူအညီများ ထိရောက်စွာ မရောက် ရှိသေးကြောင်း စသည် အတွေ့အကြုံနှင့် ခံစားချက်တို့ကို ပြည်သူသို့ လွတ်လပ်ပွင့်လင်းစွာဖြင့် ဇာဂနာက ဝေဖန်ပြောဆိုခဲ့သည်။

ဇာဂနာဦးဆောင်သည့် လူငယ်နှင့် အနုပညာရှင်များ၊ ကျော်သူ ရွှေဇီးကွက် ဦးဆောင်သည့် နာရေးကူညီမှု အသင်းကြီးတို့နှင့်အတူ မုန်တိုင်းကယ်ဆယ်ရေးကို မြန်မာလူငယ် စေတနာရှင် အစုအဖွဲ့များက စောလျင်စွာ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ကြပြီး ဆရာတော်များ၊ သံဃာတော်များကလည်း တအပ်တအား ဆောင်ရွက်နေကြချိန်၊ မြန်မာပြည်တဝှမ်း လူထု လူတန်းစား အသီးသီးက စေတနာ ထက်သန်စွာ လိုက်လံ ပိုင်းယံနေကြချိန်တွင် စစ်အုပ်စုက ထိုသို့ ဇာဂနာကို ဖမ်းဆီးခြင်းဖြစ်သည်။

ဖမ်းဆီးသူများက ဇာဂနာ့အိမ်သားများကို သတင်းဌာနများသို့ အကြောင်းမကြားရန်နှင့် ဆွေးနွေးမှုများ ပြီးဆုံးပါက အမြန်ဆုံး အိမ်ပြန်ပို့ပေးမည် ဖြစ်ကြောင်း ပြောကြားသွားသည်ဟု သိရသည်။

WEDNESDAY, 4 JUNE 2008

## လန်ဒန် မြန်မာသံရုံးမှ အမျိုးသမီး မြန်မာသံတမန်တဦး စတင် ပုန်ကန်ခြင်း

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ မြန်မာသံရုံးမှ သံတမန်အမျိုးသမီးတဦး မိသားစုနှင့်အတူ ဇွန်လ (၄) ရက်နေ့က ဗိုလ်ချုပ်သန်းရွှေအမိန့် ကို စတင် အာခံလိုက်ပြီဟု ခိုင်လုံသည့် သံတမန် သတင်းရပ်ကွက်က ပြောသည်။

သူမက ရုံးအုပ်ကြီးအဆင့်ရှိ ဒေါ်နွယ်နီဖြစ်ပြီး ခင်ပွန်းသည်၊ သားဖြစ်သူတို့နှင့်အတူ သံရုံးမှ ထွက်လိုက်ခြင်းဖြစ်ပါတယ်။ မြန်မာသံတမန် ဒေါ်နွယ်နီ အလုပ်မှနှုတ်ထွက်လိုက်ရခြင်း

အကြောင်းမှာ လေဘေးဒုက္ခသည်များအပေါ် သန်းရွှေ လုပ်ရပ်များကို မကျေနပ်လို့ ဟု သိရပါတယ်။ မြန်မာသံတမန် ဒေါ်နွယ်နီ၏ ခင်ပွန်းမှာ အင်ဂျင်နီယာတဦးဖြစ်ပြီး အစောပိုင်း ကတည်းက သန်းရွှေလုပ်ရပ်များကို မကျေမနပ်ဖြစ်နေကြောင်းသိရပါတယ်။ လစကလည်းအလွန်နည်းလှပြီး နည်းမျိုးစုံဖြင့် ကန့် သတ်ချုပ်ခြယ်မှုတွေလုပ်ထားခံရကြောင်းသိရပါတယ်။ ဒေါ်နွယ်နီ၏ ခင်ပွန်းမှာ လန်ဒန် မြန်မာသံအမတ်ကြီး ဗိုလ်မှူးချုပ်နေဝင်းနှင့် အထူးရင်းနှီးသူလည်းဖြစ်သည့်အတွက် မြန်မာသံအမတ်ကြီး ဗိုလ်မှူးချုပ်နေဝင်း၏ ခွင့်ပြုချက်ဖြင့် အခုလို သံရုံးမှာစတင်အလုပ်ထွက်လိုက်ခြင်းလောဟု သုံးသပ်သူများရှိပါတယ်။ ဗိုလ်ချုပ်နေဝင်းလည်း လေဘေးကိစ္စနှင့်ပတ်သက်ပြီး ရန်ကုန်စစ်အုပ်စုနှင့်သဘောထားကွဲလွဲမှု များရှိကြောင်းသိရပါတယ်။

မုန်းတိုင်းက လည်းကွာ ပျဉ်းမနားကိုတိုက်လိုက်ပါတော့လားဟု သူထုတ်ဖေါ်ငြီးတွားဘူးကြောင်း သံတမန်အသိုင်း က ဆိုပါတယ်။

WEDNESDAY, JUNE 04, 2008

## လုံအောင်ပုန်း နအဖ..ဘုရားသာ တချေ။

လေဆင်နှာမောင်း ဂဲကတော့ မြောပါတော့မဲ့ နအဖ

ကပ်တွေဘဲဆေးတယ်ထင်ပ့ါ။ မင်းပြောင်းမင်းလွဲ အခြေအနေဘဲ ခင်းနေတယ်ထင်ပ့ါ ။ တသက်လုံး မကြားဘူးတာတွေ..လေဆင်နှာမောင်း တဲ့ဗျ..။ရန်ကုန်မှာ တိုက်တာပါ. ပန်းလှိုင်။ လှိုင်သာယာ . အိမ်ခြေ ၂၀၀ ပါသွားရောတဲ့ ။
နောက် ထပ်လာမှာက..လျှော်ဖို့ မြန်မာပြည်အလယ်ပိုင်း..ကျပ်ပြေးတဲ့ ။ မကောင်းသူထိပ် ကောင်းသူ ထိပ်နော..
မကောင်းဆိုးဂါးတွေနားက.. လူကောင်းတွေ ရှောင်ကြ ရှားကြဗျား
တကယ်ဘဲ ဝဋ်ရှုပါ..ပြုတ်ချိန်ကျလာရင်..
ကြက်ဆူလည်း မကယ်ဘူး..ပြောင်းဖူးက လည်း မဆယ်ဘူး..
ဇော်ဂျီ ဗိုဂင်..ရှင်သာမညရဲ့အသား..မတဲ့ သူများစား..အဆိပ်သား သာဟဲ့
မျိုးချစ်မြန်မာ မှ ဓါတ်ပုံရရှိပါသည်။ ကျေးဇူးပါ။

## မယူချင် လို့ သာတော်သေးတယ်ဗျာ။ ယူများယူချင်ပါက..အမေရိကန်ပါ မွဲပြာကျသွားမယ်

အမေရိကန် ထောက်ပံ့ရေးလေယာဉ် အခေါက်တရာမြောက် မြန်မာပြည်သို့ ပို့ဆောင်ပြီး

ပြီးခဲ့တဲ့ အပတ်ကုန်မှာ မြန်မာနိုင်ငံကို အခေါက် ၁၀၀ မြောက်အဖြစ် ကယ်ဆယ်ရေးပစ္စည်းတွေ သယ်ယူပို့ သန်း ပေးခဲ့တယ်လို့ အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာန က ပြောပါတယ်။ မုန်တိုင်းကြောင့် လူပေါင်း ၁၃၄,၀၀၀ သေဆုံး ဒါမှမဟုတ် ပျောက်ဆုံးခဲ့ပါတယ်။

မြန်မာနိုင်ငံကို မက်ထရစ် တန်ပေါင်း ၈၉၇ တန် အကူအညီ ပစ္စည်းတွေ အမေရိကန် က ပို့ခဲ့ပြီးဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ က မနေ့က ဆိုပါတယ်။ ဒါပေမဲ့၊ အမေရိကန် ရေတပ်သင်္ဘော ၄ စင်းကတော့ မြန်မာ့ကမ်းလွန် ပင်လယ်ပြင် မှာ ရပ်စောင့်နေရပြီး၊ ကမ်းကပ်ခွင့် မရသေးပါဘူးလို့ သူက ဆက်ပြောပါတယ်။

တနင်္ဂနွေနေ့မှာတော့ အမေရိကန်ကာကွယ်ရေး ဝန်ကြီး ရောဘတ် ဂိတ် (Robert Gates) က မြန်မာစစ်အစိုးရ ဟာ ရာဇဝတ်ကြောင်းသင့် တဲ့ လျစ်လျူပြုမှု ကို ကျူးလွန်ခဲ့တယ်လို့ စွပ်စွဲခဲ့ပါတယ်။ နိုင်ငံခြား အကူအညီအပေါ် ကန့်သတ် ထားတာတွေ ကို ဖယ်ရှားမပစ်ခဲ့ရင်၊ လူ တွေ ပို သေကြလိမ့်မယ်လို့ သူ က ပြောပါတယ်။ ရေတပ်သင်္ဘော်တွေကို ပြန်ခေါ်ဖို့ မကြာမီ ဆုံးဖြတ်မယ် လို့ ဆိုပါတယ်။

မုန်တိုင်းဒေါအ္တနရယ် တုံ့ပြန်ခဲ့ပုံ နဲ့ ပတ်သက်ပြီး စစ်အစိုးရကတော့ လုပ်ဆောင်ချက်တွေ ကို တနင်္ဂနွေနေ့ က ကာကွယ်ပြောဆို သွားခဲ့ပါတယ်။

မေလ ၃ ရက်နေ့ မှာ ကျခဲ့တဲ့ မုန်တိုင်းဒေါအ္တနရာယ်ကို အာဏာပိုင်တွေ က ချက်ချင်း တုံ့ပြန်ဆောင်ရွက်ခဲ့ပြီး၊ နိုင်ငံခြား အကူအညီတွေ ကို ဘယ်လို သတ်မှတ်ချက် မထားဘဲ ကြိုဆိုခဲ့ပါတယ်လို့ စစ်အစိုးရ ရဲ့ ဒု ကာကွယ် ရေး ဝန်ကြီး ဗိုလ်ချုပ်အေးမြင့် က ဆိုပါတယ်။

စစ်အစိုးရဟာ မုန်တိုင်းကျပြီး ရက်သတ္တပတ် အတော်ကြာမှ နိုင်ငံခြား အကူအညီကို အကန့်အသတ် နဲ့ လက်ခံခဲ့ပါတယ်။ လူပေါင်း ၂ သန်း ကျော်ဟာ အစားအစာ၊ ရေ။ နဲ့ အမိုးအကာ တွေ လိုအပ်နေခဲ့ပါတယ်။

မုန်တိုင်းကျပြီးကတည်း က ပိတ်ထားခဲ့တဲ့ ကျောင်းတွေ ကို တနလ်္နေ့ မှာ စဖွင့်ပါတယ်။ ဒါပေမဲ့ လေဘေးသင့် ဒေသတချို့ က ကျောင်း တွေ ကို ဖွင့်ဖို့ နောက်တစ်လ ရွှေ့ထားပါတယ်။ မုန်တိုင်းကြောင့် ဆိုးဆိုးရွားရွား ပျက်စီးသွားတဲ့ ဒေသတွေမှာ ကျောင်း ၈၀ % ကနေ ၉၀ အထိ ပျက်စီးသွားခဲ့တယ်လို့ ကုလသမဂ္ဂ ကလေးများ ရံပုံငွေ အဖွဲ့ UNICEF က ဆိုပါတယ်။

## ပြန်ပြီဗျို့ .ချွေးသေ ဂက်သေ မင်းသေရစ်တော့ စောလူးမင်း

အမေရိကန်စစ်သင်္ဘောများ မြန်မာ့ရေပိုင်နက်အနီးမှ ပြန်လည်ထွက်ခွာမည်
Agencies/ ၄ ဇွန် ၂၀၀၈

http://www.khitpyaing.org/news/june_08/4-6-08e.php
မြစ်ဝကျွန်းပေါ်ဒေသရှိ လေဘေးဒုက္ခသည်များကို ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်ရန် စောင့်ဆိုင်းနေသည့် အမေရိကန် စစ်သင်္ဘောများကို မြန်မာစစ်အစိုးရက ခွင့်မပြုသဖြင့် မြန်မာနိုင်ငံ ရေပိုင်နက်အနီးမှ ပြန်လည် ထွက်ခွာမည်ဟု အမေရိကန်ရေတပ် ဗိုလ်ချုပ်ကြီးက ယနေ့ပြောသည်။

မြန်မာပြည်သူများအတွက် သဘာဝဘေးကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ရန် အမေရိကန် စစ်သင်္ဘော၊ ရဟတ်ယာဉ်နှင့် လေယာဉ်များကို ဝင်ခွင့်ပေးရန် လွန်ခဲ့သည့် သီတင်း (၃) ပတ်ကျော် အတွင်း မြန်မာအစိုးရထံ (၁၅) ကြိမ်ခန့် တောင်းခံခဲ့သော်လည်း အကြိမ်တိုင်း ငြင်းဆန်ခံခဲ့ရသဖြင့်

ထွက်ခွာရန်အချိန်တန်ပြီဖြစ်သည်ဟု ပစိဖိတ်ဒေသဆိုင်ရာ အမေရိကန် စစ်တပ်အကြီးအကဲ ရေတပ်ဗိုလ်ချုပ်ကြီး Timothy Keating က အမေရိကန်သံရုံးမှ ထုတ်ပြန်သည့် ကြေညာချက်တွင် ပြောခြင်းဖြစ်သည်။

အမေရိကန်ရေတပ်မှ USS Essex စစ်သင်္ဘောများ မနက်ဖြန်တွင် ထွက်ခွာမည်ဖြစ်ပြီး ဂန်ရှိန် အများအပြားတင်ဆောင်နိုင်သည့် ရဟတ်ယာဉ်များကိုမူ ကယ်ဆယ်ရေးလုပ်ငန်းတွင် အကူအညီ ပေးရန် ထိုင်းနိုင်ငံ၌ ထားခဲ့ဦးမည်ဟု သိရသည်။
ဗိုလ်ချုပ်ကြီး Timothy Keating က "ကျနော် ဝမ်းနည်းတာရော၊ စိတ်ပျက်တာရော (၂) မျိုးစလုံး ခံစားရပါတယ်။ ကျနော်တို့ဟာ ရာနဲ့ ထောင်နဲ့ချီတဲ့လူတွေ ဒုက္ခခံစားနေရတာကို သက်သာရာ ရအောင် ကူညီနိုင်တဲ့အနေအထား ရှိပါတယ်။ ပြီးတော့ နောက်ထပ် အသက်ဆုံးရှုံးရမှုတွေ လျော့နည်းသွားအောင် အကူအညီပေးနိုင်ပါတယ်။ ဒါပေမယ့် မြန်မာစစ်အစိုးရဲ့ မငဲ့ညှာမှုကြောင့် ကူညီခွင့်မရခဲ့ပါဘူး" ဟု ပြောသည်။

အမေရိကန်စစ်သင်္ဘော (၄) စီးသည် ပြီးခဲ့သည့် မေ (၁၃) ရက်ကတည်းက မြန်မာရေပိုင်နက် အနီး၌ လေဘေးဒုက္ခသည်များကို ကူညီရန် အသင့်စောင့်ဆိုင်းနေခြင်းဖြစ်သည်။ သင်္ဘောများပေါ် တွင် ရဟတ်ယာဉ် (၁၄) စီး၊ မရိန်းတပ်သား (၁,၀၀၀)၊ ရေနှင့် ရေသန့်စင် ကိရိယာများအပါအဝင် ကယ်ဆယ်ရေးပစ္စည်းများ တင်ဆောင်ထားသည်။
အမေရိကန် စစ်သင်္ဘောများကို မြန်မာစစ်အစိုးရက ဝင်ခွင့်မပြုသော်လည်း လေကြောင်းမှ ပေးပို့သည့် အမေရိကန်၏ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများကိုမူ လက်ခံခဲ့သည်။ ပြီးခဲ့သည့် သီတင်းပတ်က ပြင်သစ်စစ်သင်္ဘောတစီးလည်း မြန်မာစစ်အစိုးရက ဝင်ခွင့်မပေးသဖြင့် ကယ်ဆယ်ရေးပစ္စည်းများကို ထိုင်းနိုင်ငံရှိ ကုလသမဂ္ဂသို့ လွှဲပြောင်းပေးအပ်ခဲ့ရသည်။
မုန်တိုင်းဘေးကယ်ဆယ်ရေးအတွက် နိုင်ငံခြားမှ စစ်ရေးအကူအညီကို မြန်မာအစိုးရက ငြင်းပယ် ခြင်းသည် ကျူးကျော်ခံရမည်ကို စိုးရိမ်၍ဖြစ်ကြောင်း ဘန်ကောက်မြို့သို့ အလည်အပတ် ရောက်ရှိ နေသည့် အမေရိကန် ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်စ်ကို ထိုင်းနိုင်ငံဝန်ကြီးချုပ် စမတ်စွန် ထရာပေ့ချ်က တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။ ။